မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၄၀ ]   ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် ) } သောကြာနေ့   [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသက်နိုင်ဦးကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူကို အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ပါမောက္ခ ဒေါက်တာခင်မောင်လွင် | ပါမောက္ခချုပ် ဆေးတက္ကသိုလ် (မန္တလေး) ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| (ခ) ပါမောက္ခ ဒေါက်တာဒေါ်ဆန်းဆန်းဝင်း | ပါမောက္ခချုပ် ဆေးတက္ကသိုလ် (မန္တလေး) ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်တွရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးတင်မောင်ဦး အင်ဂျင်နီယာချုပ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ခ) ဦးအေးကျော် ဒုတိယညွှန်ကြားရေးမှူးချုပ် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ဂ) ဒေါ်ခင်မာရီ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုဝန်ကြီးရုံး စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၅/ ၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )

**ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်မှု လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်း**

၁။ ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးရေးလုပ်ငန်းကို သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်မှု လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အမှုဆောင်အရာရှိ စည်ပင်သာယာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့်ဌာန၊ အဖွဲ့အစည်းအကြီးအကဲများ | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဦးစီးမှူး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(၂) သက်ဆိုင်ရာဝန်ကြီးဌာန၏ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အဆင့်ရုံး၊ ဌာနများက လုပ်ငန်းဆောင်ရွက်ရာတွင် မဖြေရှင်းနိုင်သော အခက်အခဲများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို ဖြေရှင်းခြင်းနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊

(၃) ဖြေရှင်းရန်ခက်ခဲသော ကိစ္စရပ်များနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း။

(ဂ) **ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

| | |
|---|---|
| (၁) ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) ခရိုင်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) ခရိုင်အမှုဆောင်အရာရှိ<br>ခရိုင်စည်ပင်သာယာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) ခရိုင်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) ခရိုင်အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သည့်<br>ဌာန၊ အဖွဲ့အစည်းအကြီးအကဲများ | အဖွဲ့ဝင် |
| (၆) ခရိုင်ဦးစီးမှူး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဃ) ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(၂) သက်ဆိုင်ရာဝန်ကြီးဌာန၏ ခရိုင်အဆင့်ရုံး၊ ဌာနများက လုပ်ငန်းဆောင်ရွက်ရာတွင် မဖြေရှင်းနိုင်သော အခက်အခဲများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို ဖြေရှင်းခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(၃) ဖြေရှင်းရန် ခက်ခဲသောကိစ္စရပ်များနှင့် လိုအပ်ချက်များကို တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း။

(င) **မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့**

| | |
|---|---|
| (၁) မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) မြို့နယ်အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) မြို့နယ်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) မြို့နယ်အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သည့်<br>ဌာန၊ အဖွဲ့အစည်းအကြီးအကဲများ | အဖွဲ့ဝင် |

(၆) မြို့နယ်ဦးစီးမှူး အတွင်းရေးမှူး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(စ) မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ သို့မဟုတ် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(၂) ရွှေ့ပြောင်းနေထိုင်သူများ၏ အိမ်ထောင်စုအလိုက်၊ တစ်ဦးချင်းအလိုက် ယခင်က အခြားမည်သည့်ဒေသတွင် နေထိုင်ခဲ့ကြောင်း စိစစ်ဆောင်ရွက်နိုင်မည့်အချက်အလက်များနှင့် အထောက်အထားများအား သက်ဆိုင်ရာဌာနမှ မြို့နယ် အချင်းချင်းညှိနှိုင်း၍ စုံစမ်းမေးမြန်းခြင်း၊ ပြန်ကြားသည့်လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(၃) အခြားမြို့နယ်များမှ မိမိမြို့နယ်၊ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု၊ ကျေးရွာများတွင် နေထိုင်သူ ဟုတ်မဟုတ် စုံစမ်းမေးမြန်းမှုများကို အမြန်စိစစ်၍ သက်ဆိုင်ရာဌာနက ချက်ချင်းပြန်ကြားပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(၄) ရွှေ့ပြောင်းနေထိုင်သူများ၏ စာရင်းများ ကောက်ယူရေးအတွက် ပါဝင်ကူညီမည့် လူမှုရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် လုပ်အားပေးကူညီသူများရရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(၅) လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့တွင်ပါဝင်သော မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများအား နယ်မြေအလိုက် သတ်မှတ်တာဝန်ပေးအပ်ခြင်း၊

(၆) ရွှေ့ပြောင်းနေထိုင်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် လိုအပ်သလို ပါဝင်ပံ့ပိုးကူညီခြင်း၊

(၇) ဖြေရှင်းရန်ခက်ခဲသောကိစ္စများနှင့် လိုအပ်ချက်များကို ခရိုင်အဆင့်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုခံယူ၍ မြို့နယ်အုပ်ချုပ်ရေးမှူးများက မိမိမြို့နယ်အလိုက် တာဝန်ယူဖွဲ့စည်းပြီး အောက်ပါလုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည် -

(က) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအလိုက် နေထိုင်လျက်ရှိသော ရွှေ့ပြောင်းနေထိုင်သူများ၏ အိမ်ထောင်စုအလိုက် အမည်စာရင်းများ မထပ်မကျန် မှန်ကန်စွာရရှိစေရေး ကြီးကြပ်ခြင်း၊

(ခ) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု၊ ကျေးရွာ၊ ရာအိမ်စု၊ ဆယ်အိမ်စုအလိုက် စာရင်းကောက်ယူမည့် အဖွဲ့များတွင် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် လုပ်အားပေးကူညီသူများက ပါဝင်ကူညီစာရင်းကောက်ယူနိုင်ရေးနှင့် စာရင်းကောက်အဖွဲ့များ ဖွဲ့စည်းရေးဆောင်ရွက်ခြင်း၊

(ဂ) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု၊ ကျေးရွာ၊ ရာအိမ်စု၊ ဆယ်အိမ်စုအလိုက် စာရင်းကောက်အဖွဲ့များ၏ စာရင်းကောက်ယူမှုများအား အနီးကပ်ကြီးကြပ်ခြင်း၊

(ဃ) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ နယ်မြေ၊ ကျေးရွာအလိုက် နေထိုင်လျက်ရှိသော ရွှေ့ပြောင်းနေသူများ၏ အမည်စာရင်းနှင့် စိစစ်ဆောင်ရွက်ရမည့်အချက်အလက်များအား သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တစ်ပြေးညီပေးပို့ခြင်း၊

(င) အခြားမြို့နယ်များမှ မိမိရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်သူ ဟုတ် မဟုတ်နှင့် မှန်ကန်မှု ရှိ မရှိ မိမိမြို့နယ်ရှိ သက်ဆိုင်ရာဌာနက စုံစမ်းမေးမြန်းမှုများအပေါ် အမြန်စိစစ်၍ ပြန်ကြားခြင်း၊

(စ) ရွှေ့ပြောင်းနေထိုင်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ချိန် တွင် လိုအပ်သလို ပါဝင်ပံ့ပိုးကူညီခြင်း၊

(ဆ) ဖြေရှင်းရန် ခက်ခဲသောကိစ္စရပ်များနှင့် လိုအပ်ချက်များကို မြို့နယ်အဆင့်လုပ်ငန်းကြီးကြပ်ရေး အဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၆/ ၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )

### နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသည့် နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားဟောင်းများအား လိုအပ်ချက်နှင့်အညီ စနစ်တကျရွေးချယ်စိစစ်ခွင့်ပြုနိုင်ရေး အတွက် **"နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

| | |
|---|---|
| (ဆ) အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) အတွင်းရေးမှူး<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ည) အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊

(ခ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် စနစ်များကို လေ့လာ၍ နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်ပေးသည့် စနစ်တစ်ရပ်ဖြစ်စေရန် စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့်အတွေ့အကြုံရှိ အကြံပြုသူအသီးသီးကတင်ပြသည့် အစီအစဉ်များကို အခြေခံ၍ လိုအပ်သော လမ်းညွှန်မှုပြုခြင်း၊

(ဃ) ကျယ်ပြန့်သော သတင်းပြန်ကြားရေးကွန်ရက်တစ်ရပ်ထူထောင်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(င) နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားခြင်း၊

(စ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရသူမိဘက မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားခြင်း၊ ကလေးသေဆုံးခြင်းဆိုင်ရာ တင်ပြချက်ကို မှတ်တမ်းတင်ခြင်း၊

(ဆ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရသူ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊ လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဇ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ အမြဲနေထိုင်ခွင့်သက်တမ်းနှင့် နှစ်စဉ်သက်တမ်းအတည်ပြုမှတ်ပုံ တင်ခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်မိတ္တူထုတ်ပေးခြင်း၊ အမြဲနေထိုင်ခွင့်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်ပယ်ဖျက်ခြင်း၊ မြန်မာနိုင်ငံအတွင်း မွေးဖွားသောကလေးအမည်ကို အမြဲနေထိုင်ခွင့်လက်မှတ်တွင်ဖြည့်စွက်ခြင်းနှင့် သေဆုံးသော ကလေးအမည်စာရင်းကို အမြဲ နေထိုင်ခွင့်လက်မှတ်အမည်စာရင်းမှ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများအား အတည်ပြုပေးခြင်း၊

(ဈ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုနိုင်ရေးအတွက်ရွေးချယ်ရန် အမှတ်ပေးစနစ် (Point System) ကို ခေတ်နှင့်အညီဖြစ်စေရန် သတ်မှတ်ခြင်း၊

(ည) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း၊

(ဌ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း၊

(ဍ) လုပ်ငန်းကော်မတီက တင်ပြသော အမြဲနေထိုင်ခွင့်လျှောက်ထားချက်ကို စိစစ်၍ဆုံးဖြတ်ခြင်း၊

(ဎ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များကို စိစစ်၍ ဆုံးဖြတ်ခြင်း၊

(ဏ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ယူခြင်းတို့ကို သတ်မှတ်ရက် အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိ၍ တင်ပြသော အကြောင်းပြချက်ကို ခိုင်လုံမှုရှိ မရှိ စိစစ် ဆုံးဖြတ်ခြင်း၊

(ဏ) အမြဲနေထိုင်ခွင့်ရရှိပြီး သတ်မှတ်ကာလပြည့်မြောက်သည့် မြန်မာနိုင်ငံသားဟောင်းက မြန်မာနိုင်ငံ သားအဖြစ်သတ်မှတ်ပေးရန် လျှောက်ထားချက်ကိုစိစစ်၍ မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းနှင့် တင်ပြခြင်း၊

(တ) ကျွမ်းကျင်ပညာရှင်ကဖြစ်စေ၊ ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်သူကဖြစ်စေလုပ်ငန်းပြောင်းလဲ လုပ်ကိုင်ခွင့် တင်ပြချက်ကို စိစစ်ဆုံးဖြတ်ခြင်း၊

(ထ) နိုင်ငံတော်၏အကျိုးငှာ အမြဲနေထိုင်ခွင့်ရရှိသူလိုက်နာရမည့် တားမြစ်ချက်နှင့်ကန့်သတ်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဒ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာကိစ္စများစပ်လျဉ်း၍ -

(၁) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့်အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အကြံပေးပုဂ္ဂိုလ်များနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၂) လိုအပ်သော ပြည်တွင်း ပြည်ပမှ နည်းပညာနှင့်ပစ္စည်းကိရိယာအကူအညီများ ရယူ ဆောင်ရွက်ခြင်း၊

(ဓ) မိမိ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရေးအတွက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းခြင်းနှင့်ယင်းကော်မတီ၏ လုပ်ငန်းတာဝန် သတ်မှတ်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၇/ ၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် )

**မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်** (Permanent Residence System) **စနစ် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် ကျင့်သုံးအကောင် အထည်ဖော်ရာတွင် နိုင်ငံခြားသားအမြဲလိုအပ်ချက်များ၊ စနစ်တစ်ခုလုံးအတွက် လိုအပ်ချက်များကို တည်ဆဲ

ဥပဒေများနှင့်လည်းကောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်လည်းကောင်း ကိုက်ညီစေရန် ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှီငြမ်း၍ စီမံခန့်ခွဲနိုင်ရေးအတွက် **"မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်** (Permanent Residence System) **စနစ် စီမံခန့်ခွဲမှုကော်မတီ"** ကိုအောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) စနစ် စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံတွင်နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (P R) စနစ်တစ်ရပ်လုံးကို နိုင်ငံတော်အစိုးရ၏ မူဝါဒလိုအပ်ချက်နှင့်အညီ ပြီးမြောက်အောင်မြင်စေရေးအတွက် ဦးဆောင်မှုပေးခြင်း၊

(ခ) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (P R) စနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ဆောင်ရွက်နေကြသည့်စနစ်များကို လေ့လာ၍ နိုင်ငံတော်၏ တည်ဆဲဥပဒေများပေါ်တွင် အခြေခံပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်ပေးသည့်စနစ်တစ်ရပ်အဖြစ် ပေါ်ပေါက်လာစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ကနဦး လိုအပ်ချက်၊ အရည်အချင်းသတ်မှတ်ချက်၊ အရေအတွက်၊ လျှောက်ထားရန်အထောက်အထား၊ အခကြေးငွေ၊ အခွန်၊ အကောက်ခွန်၊ ပြည်ဝင်ပြည်ထွက်၊ အိမ်ရာအဆောက်အအုံပိုင်ဆိုင်ခွင့်၊ မိသားစုဝင်ကိစ္စ၊ အလုပ်ရှင်နှင့်အလုပ်သမားကိစ္စရပ်များအပါအဝင် လိုအပ်ချက်များကို သတ်မှတ်ပေးနိုင်ရေးအတွက် ဦးဆောင်ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအသီးသီးနှင့် အတွေ့အကြုံရှိ အကြံပြုသူအသီးသီးတို့က တင်ပြသည့်အစီအစဉ်များအပေါ်အခြေခံ၍ ဆောင်ရွက်သင့်သည့် အချက်များကို အတည်ပြုပေးခြင်း၊

(င) ကျယ်ပြန့်သောသတင်းပြန်ကြားရေးကွန်ရက်တစ်ရပ် ထူထောင်ဆောင်ရွက်နိုင်စေရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(စ) စနစ်တစ်ရပ်လုံးအပေါ် စဉ်ဆက်မပြတ် လေ့လာသုံးသပ်သုတေသနပြုလုပ်၍ ပြောင်းလဲနေသော အခြေအနေနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊

(ဆ) မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့် (P R) စနစ်နှင့်စပ်လျဉ်း၍ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း၊ (ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမဟုတ်၍ မဖော်ပြခြင်း)

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) လိုအပ်သောပြည်တွင်းပြည်ပမှ နည်းပညာနှင့်ပစ္စည်းကိရိယာအကူအညီများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ခွင့်ပြုချက်ဖြင့် လိုအပ်သလို စီမံခန့်ခွဲအသုံးပြုခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၈/ ၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

### အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့်ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့်လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၅ အရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာမှ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြား ရေးမှူးချုပ်နှင့်ဆိုင်ရာလုပ်ငန်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်များပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးကျော်ဇေယျသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာန၏တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ)ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၉/ ၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )

## အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၁၅) ဖြင့် ဖွဲ့စည်းထားသော အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း လိုက်သည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၀) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၁၁) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၁၂) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၃) ကောင်စီဝင်/လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(၁၄) အရာရှိကြီး (၁) ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(၁၅) အရာရှိကြီး (၁) ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(၁၆) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၇) တပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး (၁)
သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၈) ဌာနကြီးမှူး — တွဲဖက်အတွင်းရေးမှူး (၂)
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၆၀/ ၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတွင် အဖွဲ့ဝင်ထပ်မံဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ"** တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ထပ်မံဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။)**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်အတွက်မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေတွင်ပါရှိသော "ကုမ္ပဏီများဆိုင်ရာအခွန်ရုံး" ဆိုသည့်စကားရပ်ကို "အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န)၊ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) ဤဥပဒေအရ တောင်းခံသည့် သို့မဟုတ် အခွန်ထမ်းကိုယ်တိုင်က ဝင်ငွေကြေညာလွှာနှင့်အတူ စည်းကြပ်မှုခံယူထားသည့် အခွန်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့်ပေးထားသည့် အချိန်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်သူ၊"

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(၃) ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့်လုပ်သက်ဆုငွေ (Gratuity)၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဃ) ကုလသမဂ္ဂ၊ သံတမန်၊ ကောင်းစစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့် အဆောက်အအယောင်များဆိုင်ရာဥပဒေတစ်ရပ်ရပ်တို့တွင် ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်း ချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။ ယင်းဥပဒေများမှ တစ်ပါး အခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို မည်သို့ပင်ပြဋ္ဌာန်း ပါရှိစေကာမူ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။"

၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲငယ်စိတ် (ခခ) တို့တွင်ပါရှိသော "အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့်သားသမီးများ" ဆိုသည့်စကားရပ်ကို "နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အခွန်ထမ်း၏ အတူနေမိဘ၊ အိမ်ထောင်ဖက်နှင့် သားသမီးများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ၌ပါရှိသော "ပစ္စည်း" ဆိုသည့်စကားရပ်ကို "ပစ္စည်းငှားရမ်းခ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ပါရှိသော "လစာမှဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ၊ ပစ္စည်းမှ ဝင်ငွေ" ဆိုသည့် စကားရပ်ကို "အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့်လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ဆုကြေး၊
လစာ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့်အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။"

၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန်ကုန်ကျခြင်း မဟုတ်သည့်စရိတ်၊"

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂ ၏ ဘေးခေါင်းစဉ်၌ပါရှိသော "ပစ္စည်း" ဆိုသည့်စကားရပ်ကို "ပစ္စည်းငှားရမ်းခ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ပစ္စည်းခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-က တွင် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"(က) ပုဒ်မ ၁၅ အရ ပေးဆောင်ရမည့်အခွန်သည် ထိုနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ဖြစ်ရမည်။ ယင်းအခွန်ကို -

(၁) သုံးလတစ်ကြိမ်ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့်နေ့ရက်မှ ၁၀ ရက်အတွင်း သတ်မှတ်သည့်နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ သတ်မှတ်ရက်အတွင်း ပေးသွင်းလျှင် သက်ဆိုင်ရာဝင်ငွေနှစ်အတွက် ပေးသွင်းသည့် အခွန်အဖြစ်ဟု မှတ်ယူရမည်။

(ခ) အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရမည်။"

၁၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိလျှင် ထိုဝင်ငွေ နှစ်အတွက် မိမိ၏ဝင်ငွေကြေညာလွှာကိုလည်းကောင်း၊ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့ အစည်းများမှအပ ကုမ္ပဏီအပါအဝင် မည်သည့်ပုဂ္ဂိုလ်စုမဆို ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေ

ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကိုလည်းကောင်း စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။ သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေသာ ရရှိသူဖြစ်လျှင် ယင်းသို့ပေးပို့ရန် မလို။"

၁၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) ၏ နောက်တွင် ပုဒ်မခွဲငယ် (၆) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၆) ဖြစ်ထွန်းရရှိသည့် မိမိ၏ဝင်ငွေအပေါ် ကျသင့်အခွန်ကို ကိုယ်တိုင်တွက်ချက်စည်းကြပ်ပေးဆောင်စေရန် ဤဥပဒေအရ ခွင့်ပြုထားသူ။"

၁၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စပါဝင်သော အခွန်နှစ်ထပ်စည်းကြပ်ကောက်ခံမှုရှောင်ရှားရေး သဘောတူစာချုပ် သို့မဟုတ် အခွန်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်လဲလှယ်ရေး သဘောတူစာချုပ် သို့မဟုတ် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူခြင်းဆိုင်ရာ သဘောတူစာချုပ်စသည့် သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုပါက ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ လျှောက်ထား၍ ယင်းကဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။"

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄ ပါ "ပြည်သူ့တရားသူကြီးအဖွဲ့" ဆိုသည့်စကားရပ်များကို "ပြည်ထောင်စုတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဃ)ပါ "ယင်းတရားသူကြီးအဖွဲ့" ဆိုသည့် စကားရပ်ကို "ယင်းတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) အခွန်ထမ်းက မိမိရရှိမည့် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်စည်းကြပ်မှုတစ်ရပ်ရပ်အရ ပေးဆောင်ရမည့် အခွန်ငွေတွင် ခုနှိမ်ပေးရန် သို့မဟုတ် လက်ရှိဝင်ငွေနှစ်အတွက် ကြိုတင်ပေးသွင်းရမည့် ဝင်ငွေခွန်အဖြစ် သတ်မှတ်ပေးရန်တင်ပြပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ထမ်း၏ တင်ပြချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။"

၁၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၄ တို့တွင်ပါရှိသော "ပုဒ်မ ၇ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် -

၁၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပုဒ်မခွဲ(က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသောမည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ ယင်းတို့ကို မှတ်မိစေရန် တံဆိပ်အမှတ်အသားရိုက်နှိပ်ခွင့်၊ မှတ်သားခွင့်၊ စနစ်တစ်ခုလုံးကိုဖြစ်စေ၊ ယင်းတို့မှ ကောက်နုတ်ထားချက်များကိုဖြစ်စေ ထုတ်ယူခွင့်၊ မိတ္တူကူးယူခွင့်၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်သက်ဆိုင်သည့် ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းရယူခွင့်။"

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၏နောက်တွင် ပုဒ်မ ၄၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၄-က။ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အခွင့်အာဏာကျင့်သုံးခြင်းခံရသော ဥပစာနေရာ၏ ပိုင်ရှင် သို့မဟုတ် ဥပဒေနှင့်အညီ နေထိုင်သူက ယင်းပုဒ်မခွဲ (က) နှင့်ပုဒ်မခွဲ (ခ) တို့နှင့်အညီ

ပြုလုပ်ပိုင်ခွင့်ရှိသူ သို့မဟုတ် ပြုလုပ်ခွင့်ရှိသည့်အဖွဲ့က ဥပစာနေရာသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် လိုအပ်သည့် အကူအညီများကို ပေးအပ်ရမည်။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောဒဏ်ငွေ" ဆိုသည့်စကားရပ်ကို "ထိမ်ချန်ခြင်းကြောင့်ပိုမိုကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသောဒဏ်ငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

နည်းဥပဒေများ၊ စည်းမျဉ်းများ စသည်တို့ ပြုလုပ်ပိုင်ခွင့်

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

အကြောင်းကြားစာ အတည်ပြုခြင်း

"၅၅။(က) ဤဥပဒေအရ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို ထိုစာတွင်အမည်ဖော်ပြထားသူ အားလည်းကောင်း၊ အကယ်၍ ပုဂ္ဂိုလ်စုဖြစ်လျှင် ယင်းပုဂ္ဂိုလ်စု၏ အရွယ်ရောက်သူ အဖွဲ့ဝင်တစ်ဦးဦး၊ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၊ သို့မဟုတ် အုပ်ချုပ်သူ၊ သို့မဟုတ် အတွင်းရေးမှူးအားလည်းကောင်း စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ ပေးပို့အတည်ပြုခြင်း သို့မဟုတ် တရားစီရင်ရေးအဖွဲ့မှ တရားမကိစ္စအတွက် ထုတ်ဆင့်သည့် သမ္မန်စာဖြစ်ဘိသကဲ့သို့ အတည်ပြုခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာပေးပို့ဆောင်ရွက်ခြင်းသည် တရားဝင်အတည်ပြုခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) အခွန်ထမ်းသည် အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို လက်ခံရရှိကြောင်း အကြောင်းကြားပြန်ခြင်းကို ပုဒ်မခွဲ (က) ပါ နည်းများဖြင့် ပြန်လည်ပေးပို့နိုင်သည်။"

၂၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် အခွန်ငွေများထဲမှ ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ပေးသော ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

အမှတ် ၅၉ ။　။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ဧရာဝတီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ဧရာဝတီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးကျော်မြင့်<br>စည်ပင်သာယာရေးဝန်ကြီး<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးမောင်မောင်ဆန်း<br>တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ရဲမှူးကြီးမင်းထွန်း<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ညွန့်<br>တိုင်းဒေသကြီးဥပဒေအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဦးသန်းဗိုလ်<br>တိုင်းဒေသကြီးဦးစီးမှူး<br>ဧရာဝတီတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်ဆွေမာ<br>တိုင်းဒေသကြီးမန်နေဂျာ<br>ဧရာဝတီတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးသိန်းထွန်းဝင်း<br>အတွင်းရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ | အဖွဲ့ဝင် |
| (ဇ) | ဦးငွေထွန်း<br>တိုင်းဒေသကြီးဦးစီးမှူး<br>ဧရာဝတီတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဈ) | ဦးကောင်းမြတ်နိုင်<br>ညွှန်ကြားရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

# စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

## (၂၀၁၆ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

**နိဒါန်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤဥပဒေကို **၂၀၁၆- ၂၀၁၇ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ** ဟုခေါ်တွင်စေရမည်။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွက် ဒေသန္တရစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်၍မည်မျှ တိုးတက်ရမည် ဆိုသည့် ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတိုစီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ် အကောင်အထည် ဖော်သည့် နှစ်စဉ်စီမံကိန်းများ ပါရှိသည်။ ယင်းဒေသန္တရစီမံကိန်းများ၌ ကာလတိုအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် စီမံကိန်းများဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း ဒေသ၏ စီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်၍မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်း လျာထား ချက်များ ဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင် အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(ဃ) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းကို ဆိုသည်။

(င) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းကို ဆိုသည်။

(စ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင် သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု လက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများကို ဆိုသည်။

(ဆ) **ကဏ္ဍကြီး** ဆိုသည်မှာ ကဏ္ဍများကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ်အုပ်စုဖွဲ့စည်း၍ သတ်မှတ်သည့် လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများကို ဆိုသည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များ

၄။　စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၈. ၃ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) လယ်ယာကဏ္ဍတွင် ၄. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) သားငါးကဏ္ဍတွင် ၄. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) သစ်တောကဏ္ဍတွင် ၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) စွမ်းအင်ကဏ္ဍတွင် ၁. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) စက်မှုလက်မှုကဏ္ဍတွင် ၁၃. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဈ) ဆောက်လုပ်မှုကဏ္ဍတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ည) ပို့ဆောင်ရေးကဏ္ဍတွင် ၁၁. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဋ) ဆက်သွယ်ရေးကဏ္ဍတွင် ၉. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဌ) ငွေရေးကြေးရေးကဏ္ဍတွင် ၃. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဍ) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဎ) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဏ) ကုန်သွယ်မှုကဏ္ဍတွင် ၈. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

၅။　ခရိုင်အလိုက် တိုးတက်မှုနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စစ်ကိုင်းခရိုင်တွင် ၈. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) မုံရွာခရိုင်တွင် ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) ယင်းမာပင်ခရိုင်တွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) ရွှေဘိုခရိုင်တွင် ၈. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) ကသာခရိုင်တွင် ၅. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(စ) ကလေးခရိုင်တွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဆ) တမူးခရိုင်တွင် ၉. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဇ) မော်လိုက်ခရိုင်တွင် ၆. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဈ) ခန္တီးခရိုင်တွင် ၉. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ည) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၇. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

### ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှု ပါဝင်မှု အချိုးအစား ရည်မှန်းချက်

၆။　၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပုံမှန်ဈေးနှုန်းအရ စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုတန်ဖိုး ပါဝင်မှုအချိုးအစားကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း ပြောင်းလဲဖြစ်ပေါ်လာစေရန် ရည်မှန်းပါသည် -

(က) ကုန်ပစ္စည်းထုတ်လုပ်သော ကဏ္ဍများတွင် ၇၂. ၅ ရာခိုင်နှုန်းမှ ၇၂. ၄ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) ဝန်ဆောင်မှုကဏ္ဍများတွင် ၁၀. ၂ ရာခိုင်နှုန်းမှ ၁၀. ၄ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ကုန်သွယ်မှုကဏ္ဍတွင် ၁၇. ၃ ရာခိုင်နှုန်းမှ ၁၇. ၂ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

၇။ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပုံမှန်ဈေးနှုန်းအရ ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုးအစားကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း ပြောင်းလဲဖြစ်ပေါ်လာစေရန် ရည်မှန်းပါသည် -

(က) လယ်ယာကဏ္ဍကြီးတွင် ၃၉.၆ ရာခိုင်နှုန်းမှ ၃၈.၂ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ခ) စက်မှုကဏ္ဍကြီးတွင် ၃၂.၉ ရာခိုင်နှုန်းမှ ၃၄.၂ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

(ဂ) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၂၇.၅ ရာခိုင်နှုန်းမှ ၂၇.၆ ရာခိုင်နှုန်းသို့ ဖြစ်ပေါ်ရန်၊

**လူတစ်ဦးစီ၏ စီးပွားရေးရည်မှန်းချက်**

၈။ နှစ်အလိုက်ဈေးနှုန်းများအရ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၅၁၂,၆၄၃ ဖြစ်ပေါ်ခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကျပ် ၁,၇၇၁,၇၃၆ ဖြစ်ပေါ်လာရန် ရည်မှန်းပါသည်။

**ရင်းနှီးမြှုပ်နှံမှုအစီအစဉ်**

၉။ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၉၁,၂၈၉.၁၃၈ သန်း လျာထားပါသည်။

## အခန်း (၃)

## အထွေထွေ

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ ပတ်ဝန်းကျင်နှင့် လူမှုစီးပွား ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုဖြစ်စေသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၁၂။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

**[ ဆက်လက်ဖော်ပြပါမည်]**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၆ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

## အခန်း (၁)

## ရငွေများနှင့်သုံးငွေများ

၂။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
### အခန်း (၁)
### ရငွေများနှင့်သုံးငွေများ

၅။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၇။ (က) ဇယား (၅) တွင် ဖော်ပြထားသည့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် သုံးငွေကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း (၂)
### တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၈။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ဂ) သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်း ခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများ ပြောင်းလဲခြင်းကိုကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၉။ (က) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

(ဂ) သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဉာဏ်ဝင်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄၄၃၀.၅၇၄ | | | ၂၈၀၀.၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၄၅.၇၈၆ | | | | | | |
| ၃ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၁.၁၀၁ | | | | | | |
| ၄ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၂.၈၃၀ | | | | | | |
| | ပေါင်း | | | | ၄၅၈၀.၃၅၁ | | | ၂၈၀၀.၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၂၀၁၃.၅၈၃ | | ၂၉၀၀.၀၀၀ | ၇၁၀၂.၁၃၉ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၃၂.၉၁၈ | | | ၅၂၈.၃၆၅ | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၈.၅၁၀ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၆၁၀.၅၅၃ | | | ၁၂၈.၆၁၈ | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၅၈၄.၉၀၇ | | | ၂၂၄.၁၉၆ | | | |
| | ပေါင်း | | ၂၄၉၀၀.၄၃၁ | | ၂၉၀၀.၀၀၀ | ၇၉၇၅.၃၁၈ | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရှင်းနိုင်ငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၂၂၀၀.၂၈၁** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၂၀၀.၂၈၁ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၁၅၁၅.၄၂၉** | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၆၄.၃၆၀ | | | | | | | | |
| | ၂ | တာတမံခွန် | | ၁.၆၃၇ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၉၀.၉၄၆ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၅၈.၃၈၆ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၁၀၀.၀၀၀ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၉၂၇.၅၃၈** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၆၆၄.၃၀၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၂၆၃.၂၃၁ | | | | | | | | |
| | | ပေါင်း | | **၄၆၄၄.၁၅၈** | | | | | | | | |

**တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃) ။ ။ အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၄** | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၃၂.၉၈၆** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၃၁.၈၆၃ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၂၈ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၁.၀၉၅ | | | | | | |
| **၅** | | **သမဝါယမ** | **ယင်း** | | | **၂၂.၃၀၈** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၂၀.၇၅၅ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁.၅၅၃ | | | | | | |
| **၆** | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **ယင်း** | | | **၁၀.၇၈၈** | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၀.၇၈၈ | | | | | | |
| **၇** | | **မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | **ယင်း** | | | **၆၀.၂၆၄** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃၆.၅၉၉ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁၂.၅၁၅ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | | | ၁၂.၁၅၀ | | | | | | |
| **၈** | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | **ယင်း** | | | **၃၀.၇၅၂** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၃၀.၆၈၂ | | | | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀.၀၇၀ | | | | | | |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (ဥ)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၉ | **အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀. ၈၀၃ | | | | | | |
| ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁၀. ၈၀၃ | | | | | | |
| ၁၀ | **အဏ္ဏဝါရေး** | ၎င်း | | | ၀. ၀၁၆ | | | ၁၂၆၃၆၅. ၀၀၀ | | | |
| ၁ | ရေသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၀၁၆ | | | ၁၂၆၃၆၅. ၀၀၀ | | | |
| ၁၁ | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | ၀. ၀၄၂ | | | | | | |
| ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၄၂ | | | | | | |
| ၁၂ | **ဆောက်လုပ်ရေး** | ၎င်း | | | ၁၅၆. ၃၅၀ | | | | | | |
| ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃၅. ၅၃၃ | | | | | | |
| ၂ | လမ်းဦးစီးဌာန | | | | ၁၂၀. ၈၁၇ | | | | | | |
| ၁၃ | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | ၉၉၀၁. ၅၉၇ | | | | | | |
| | ပေါင်း | | | | ၁၀၂၂၆. ၉၁၆ | | | ၁၂၆၃၆၅. ၀၀၀ | | | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁၂၉၅၂ . ၆၈၃** | | **၁၅၀ . ၀၀၀** | **၄၉၀၃ . ၅၀၅** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၀၃၈၈ . ၂၅၈ | | ၁၅၀ . ၀၀၀ | ၁၃၇၉ . ၇၂၇ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၈၉ . ၄၅၃ | | | ၅၃ . ၉၃၉ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂၂၇၄ . ၉၇၂ | | | ၃၄၈၃ . ၈၄၉ | | | |
| ၂ | | **သမဝါယမ** | ၎င်း | **၁၂၄၅ . ၇၀၄** | | | **၁၃၆ . ၅၅၄** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၁၄၁ . ၇၇၅ | | | ၈၆ . ၈၈၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၃ . ၉၇၉ | | | ၈၉ . ၆၇၄ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၄၀၅၂ . ၅၅၉** | | | **၄၀၅ . ၇၇၄** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၀၅၂ . ၅၅၉ | | | ၄၀၅ . ၇၇၄ | | | |
| ၄ | | **မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၎င်း | **၁၂၆၅ . ၆၅၇** | | | **၅၀၂ . ၇၅၄** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၉၇ . ၅၁၆ | | | ၃၆၇ . ၇၇၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၇၀၇ . ၄၇၀ | | | ၈၅ . ၉၂၄ | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | ၆၀ . ၆၇၀ | | | ၅၉ . ၁၀၀ | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | **၂၂၈၀ . ၁၅၀** | | | **၂၄၂ . ၁၃၆** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၂၁၉၃ . ၀၂၀ | | | ၃၈ . ၄၄၆ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၈၇ . ၁၃၀ | | | ၂၀၃ . ၆၉၀ | | | |

**တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၄)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၆ | | **အားကစား** | တိုင်းဒေသကြီးဝန်ကြီးချုပ် | **၆၃၄ . ၁၅၆** | | | **၁၅၆၀ . ၈၆၀** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၃၄ . ၁၅၆ | | | ၁၅၆၀ . ၈၆၀ | | | |
| ၇ | | **ဘဏ္ဍာရေး** | ၄င်း | **၇၃ . ၉၅၀** | | | **၂၁ . ၄၉၄** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၃ . ၉၅၀ | | | ၂၁ . ၄၉၄ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | **၆၅၀ . ၁၂၁** | | | **၁၄၄ . ၂၂၀** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆၅၀ . ၁၂၁ | | | ၁၄၄ . ၂၂၀ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၄င်း | **၆၆၇၅ . ၁၇၇** | | | **၅၀၁၁၈ . ၀၉၂** | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၇၃ . ၇၇၃ | | | ၁၇၉၉၀ . ၁၃၀ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၆၅၀၁ . ၄၀၄ | | | ၄၈၇၂၆ . ၉၆၂ | | | |
| ၁၀ | | **ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေး** | ၄င်း | **၂၈ . ၆၄၂** | | | **၀ . ၇၀၀** | | | |
| | ၁ | **ပဲခူးတိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး** | | ၂၈ . ၆၄၂ | | | ၀ . ၇၀၀ | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | **၅၁၆၆ . ၂၁၄** | | | **၉၇၃၈ . ၀၈၁** | | | |
| | | **ပေါင်း** | | **၃၅၀၂၅ . ၀၂၄** | | **၁၅၀ . ၀၀၀** | **၆၇၄၃၈ . ၁၈၀** | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **လျှပ်စစ်စွမ်းအား** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၀ . ၅၀၀** | | | **၁၀၂၂၆ . ၉၃၂** | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၀ . ၅၀၀ | | | ၁၀၂၂၆ . ၉၃၂ | | | |
| | | **ပေါင်း** | | **၀. ၅၀၀** | | | **၁၀၂၂၆. ၉၃၂** | | | |

**[ ယခင်အပတ် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ (၂၀၁၆ ခုနှစ် ၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁ ။) မှ အဆက် ]**

**နောက်ဆက်တွဲ (၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** (ကျပ်သန်း)

| စဉ် | အကြောင်းအရာ | လျာထားချက် (BE) |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၀၀ | တောင်ငူ-လိပ်သိုလမ်းမပေါ်ရှိ ဇလဲကော်ပတ်မြဲ ကျေးရွာတွင်<br>(က) ၁၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံး<br>(ခ) ၁၁ကေဗွီလိုင်း (၀.၀၅)မိုင် | ၁၂.၄၉၀ |
| ၁၀၁ | တောင်ငူ-လိပ်သိုလမ်းမပေါ်ရှိ သံမိုးတောင် ကျေးရွာတွင်<br>(က) ၁၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံး<br>(ခ) ၁၁ကေဗွီလိုင်း (၀.၀၅)မိုင် | ၁၂.၄၉၀ |
| ၁၀၂ | တောင်ငူ-လိပ်သိုလမ်းမပေါ်ရှိ သစ်ခွတောင် ကျေးရွာတွင်<br>(က) ၁၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံး<br>(ခ) ၁၁ကေဗွီလိုင်း (၀.၉၀)မိုင် | ၂၆.၂၃၀ |
| ၁၀၃ | တောင်ငူ-လိပ်သိုလမ်းမပေါ်ရှိ လမ်းကူး ကျေးရွာတွင်<br>(က) ၁၀၀ကေဗွီအေထရန်စဖော်မာ (၂)လုံး<br>(ခ) ၁၁ကေဗွီလိုင်း (၂.၀၀)မိုင် | ၆၂.၄၀၀ |
| ၁၀၄ | သံတောင်ကြီးမြို့ရွှေညောင်ပင်ကျေးရွာစနေကုန်းကွက်သစ်တွင်<br>(က) ၃၃/၀.၄ ကေဗွီအေ (၁၀၀) ထရန်စဖော်မာ (၁)လုံး<br>(ခ) ၃၃ ကေဗွီလိုင်း (၃၀၀)ပေ | ၁၂.၉၃၈ |
| ၁၀၅ | သံတောင်ကြီးမြို့တောပြာကြီးကျေးရွာ ကွက်သစ်<br>(သံတောင်-သံတောင်ကြီး ကားလမ်းဘေး)တွင်<br>(က) ၃၃/၀.၄ ကေဗွီအေ (၁၀၀) ထရန်စဖော်မာ (၁)လုံး<br>(ခ) ၃၃ ကေဗွီလိုင်း (၁၀၀)ပေ | ၇.၄၉၀ |
| ၁၀၆ | လှိုင်းဘွဲ့မြို့ (က) ရပ်ကွက်၊ ပိုင်ကျူလမ်း နှင့် အောင်မြေ သာယာ လမ်းထိပ်တွင် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေ ဗွီ အေ (၁) လုံး တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း | ၁၁.၅၀၀ |
| ၁၀၇ | လှိုင်း ဘွဲ့ မြို့၊ ပိ တောက် လမ်း၊ ဒေါ နနှ (၂) လမ်း၊ သ ဇင် လမ်း၊ ရွှေတဆုတ် လမ်း တို့တွင် ၄၀၀ ဗို့ ဓာတ်အား လိုင်း (၀.၃၇) မိုင် အား တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်း | ၁၀.၅၀၀ |
| ၁၀၈ | လှိုင်းဘွဲ့မြို့ ၊ ကမ်းနီကျေးရွာမှ သာယာကုန်းသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၂) မိုင် | ၆၂.၄၀၀ |
| ၁၀၉ | လှိုင်းဘွဲ့မြို့ ၊ သာယာကုန်း မှ ကပ္ပလီသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၀.၁၂) မိုင် | ၂၅.၃၆၀ |
| ၁၁၀ | လှိုင်းဘွဲ့မြို့ ၊ ကပ္ပလီ မှ ကပ္ပလီအောက်သို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၀.၉) မိုင် | ၂၆.၂၃၀ |
| ၁၁၁ | လှိုင်းဘွဲ့မြို့ ၊ သာယာကုန်း မှ ဝါးခုတ်တောသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၃) မိုင် | ၈၂.၁၀၀ |
| ၁၁၂ | လှိုင်းဘွဲ့မြို့ ၊ သာယာကုန်း မှ လက်ပံကုန်းသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၂.၁၂) မိုင် | ၆၄.၇၆၀ |

**နောက်ဆက်တွဲ (၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**　　　　(ကျပ်သန်း)

| စဉ် | အကြောင်းအရာ | လျာထားချက် (BE) |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၁၃ | လှိုင်းဘွဲ့မြို့ ၊ ကမ်းနီခွဲရုံမှ ကမ်းနီသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၀.၁၂) မိုင် | ၁၃.၈၆၀ |
| ၁၁၄ | လှိုင်းဘွဲ့မြို့ ၊ ကမ်းနီမှ ရွှေဥန်းသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၂) မိုင် | ၆၂.၄၀၀ |
| ၁၁၅ | လှိုင်းဘွဲ့မြို့ ၊ ရွှေဥန်း မှ အောက်တောသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၁) မိုင် | ၃၀.၂၀၀ |
| ၁၁၆ | လှိုင်းဘွဲ့မြို့ ၊ အောက်တော မှ ဂျိုချောင်းသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၁.၅) မိုင် | ၅၂.၅၅၀ |
| ၁၁၇ | လှိုင်းဘွဲ့မြို့ ၊ ဂျိုချောင်း မှ ကျုံပကို<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၁.၅) မိုင် | ၅၂.၅၅၀ |
| ၁၁၈ | ပိုင်ကျုံမြို့၊ အမှတ်(၁)ရပ်ကွက်<br>(က)၁၁/၀.၄ကေဗွီ(၅၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၁၀၀၀) ပေနှင့်၄၀၀ ဗို့လိုင်း(၁၀၀၀)ပေနှစ်ထပ်တည်ဆောက်ခြင်း | ၂၇.၃၄၆ |
| ၁၁၉ | ပိုင်ကျုံမြို့၊ အမှတ်(၂)ရပ်ကွက်<br>(က)၄၀၀ဗို့လိုင်း(၄၂၀၀)ပေ | ၂၂.၈၂၉ |
| ၁၂၀ | ကြာအင်းဆိပ်ကြီးမြို့၊ ကျောက်ခဲကုန်းကျေးရွာ<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ | ၁၁.၅၀၀ |
| ၁၂၁ | ကြာအင်းဆိပ်ကြီးမြို့၊ ရပ်ကွက် (၆) သပြေချဉ် လမ်းမှ ချောင်းဝကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၂) မိုင် | ၅၀.၉၀၀ |
| ၁၂၂ | ကြာအင်းဆိပ်ကြီးမြို့၊ ရွှေလင်းကျေးရွာ<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ | ၁၁.၅၀၀ |
| ၁၂၃ | ကြာအင်းဆိပ်ကြီးမြို့၊ရွှေလင်းကျေးရွာမှကမ်းပါးဆိပ်ကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၀.၃၆) မိုင် | ၁၈.၆၀၀ |
| ၁၂၄ | ကြာအင်းဆိပ်ကြီးမြို့၊ ကမ်းပါးဆိပ်ကျေးရွာမှ ရွှေတောင်ဘို သို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၁.၂) မိုင် | ၃၅.၁၄၀ |
| ၁၂၅ | ကြာအင်းဆိပ်ကြီးမြို့၊ ရွှေတောင်ဘို မှနန်းဖာဖော့ သို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၁) မိုင် | ၃၀.၂၀၀ |
| ၁၂၆ | ကြာအင်းဆိပ်ကြီးမြို့၊ နန်းဖာဖော့ မှ ကမော့ကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၁) မိုင် | ၃၀.၂၀၀ |

**နောက်ဆက်တွဲ (၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** (ကျပ်သန်း)

| စဉ် | အကြောင်းအရာ | လျာထားချက် (BE) |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၂၇ | ကြာအင်းဆိပ်ကြီးမြို့၊ ရွှေလင်း မှ သံပုရာကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၃)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၇) မိုင် | ၁၇၂.၄၀၀ |
| ၁၂၈ | ကြာအင်းဆိပ်ကြီးမြို့၊သံပုရာကျေးရွာ မှ ကော့ကမာကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၂) မိုင် | ၅၀.၉၀၀ |
| ၁၂၉ | ကြာအင်းဆိပ်ကြီးမြို့၊ ကော့ကမာ မှ မရိကလကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၂) မိုင် | ၅၀.၉၀၀ |
| ၁၃၀ | ကြာအင်းဆိပ်ကြီးမြို့၊မရိကလ မှ ချောင်းနှစ်ခွကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၄) မိုင် | ၁၀၁.၈၀၀ |
| ၁၃၁ | ကြာအင်းဆိပ်ကြီးမြို့၊ကြာအင်းကြီးကျေးရွာ<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ | ၂၃.၀၀၀ |
| ၁၃၂ | ကျုံဒိုးအမှတ် (၄) ရပ်ကွက်၊ ဗိုလ်ချုပ် လမ်းဆုံ မှ ကျွန်းကလေးမိန်း လမ်းဆုံသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း(၁) မိုင် အသစ်တည်ဆောက်ခြင်း | ၁၉.၇၀၀ |
| ၁၃၃ | ကျုံဒိုးမြို့အမှတ် (၄) ရပ်ကွက် ကျွန်းကလေး မိန်းလမ်း ဆုံတွင်၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း | ၁၁.၅၀၀ |
| ၁၃၄ | ကျုံဒိုးမြို့၊ အမှတ်(၁)ရပ်ကွက် ပေါ်တော်မူ စေတီအနီးတွင် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေ ဗွီ အေ ထရန် စဖော်မာ (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း | ၁၁.၅၀၀ |
| ၁၃၅ | ကျုံဒိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဥတ္တရလမ်းနှင့်ဆရာစံ လမ်းဆုံမှ၁၁ ကေဗွီ လိုင်း(၀.၁၂)မိုင်တည်ဆောက်ခြင်းလုပ်ငန်း | ၂.၃၆၄ |
| ၁၃၆ | မြိုင် ကြီး ငူ မြို့၊ သင်္ဘောမြိုင် ရပ်ကွက်မှ သစ္စာအေးမြိုင် ရပ်ကွက် အထိ ၁၁ ကေ ဗွီ ဓာတ်အားလိုင်း (၄.၉၇) မိုင်၊ ၁၀၀ကေဗွီအေ ထရန် စဖော်မာ (၄) လုံး၊ ၄၀၀ ဗို ဓာတ် အား လိုင်း (၂.၆) မိုင်(သစ္စာအေးမြိုင်) | ၂၁၈.၅၂၉ |
| ၁၃၇ | မြိုင်ကြီးငူမြို့၊ မအဲရွာလမ်းဆုံမှ တောင်စွန်းရွာအထိ ၁၁ ကေဗွီဓာတ်အားလိုင်း(၃.၇၄)မိုင်၊ ၁၀၀ ကေ ဗွီ အေ ထရန်စဖော်မာ(၃)လုံး | ၁၀၈.၁၇၈ |
| ၁၃၈ | လှိုင်းဘွဲ့မြို့ ၊ ကပ္ပလီ မှ အဝင်ဝသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၀.၅) မိုင် | ၃၂.၈၅၀ |
| ၁၃၉ | လှိုင်းဘွဲ့မြို့ ၊ ကပ္ပလီ မှ ရွံ့ဖွက်သို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ )၁၁ကေဗွီလိုင်း (၀.၅) မိုင် | ၃၂.၈၅၀ |
| ၁၄၀ | ကော့ကရိတ်မြို့နယ်၊ကော့တိန်းဆေးရုံတွင်<br>(က) ၁၁ ကေဗွီလိုင်း (၅၀)ပေ တည်ဆောက်ခြင်း<br>(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ခွဲရုံ(၁)ရုံ | ၁.၃၄၀ |
| ၁၄၁ | ကော့ကရိတ်မြို့၊ ရပ်ကွက်(၁)တွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၂) လုံး<br>(ခ) ၄၀၀ ဗို့လိုင်း (၀.၅)မိုင် | ၂၉.၅၀၀ |
| ၁၄၂ | ကော့ကရိတ်မြို့၊ ရပ်ကွက်(၃)တွင် ၄၀၀ ဗို့လိုင်း (၀.၇၅)မိုင် တည်ဆောက်ခြင်း | ၂၁.၇၅၀ |

**နောက်ဆက်တွဲ (၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** (ကျပ်သန်း)

| စဉ် | အကြောင်းအရာ | လျာထားချက် (BE) |
|---|---|---|
| ၁ | ၂ | ၃ |
| ၁၄၃ | ကော့ကရိတ်မြို့၊ ရပ်ကွက်(၂)တွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး<br>(ခ) ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး<br>(ဂ) ၄၀၀ ဗို့လိုင်း (၁) မိုင် | ၄၄.၀၀၀ |
| ၁၄၄ | ကော့ကရိတ်မြို့၊ ရပ်ကွက်(၄)တွင် ၄၀၀ ဗို့လိုင်း (၀.၅) မိုင် တည်ဆောက်ခြင်း | ၁၄.၅၀၀ |
| ၁၄၅ | ကော့ကရိတ်မြို့၊ ရပ်ကွက်(၅)တွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး<br>(ခ) ၁၁ ကေဗွီလိုင်း (၀.၇၅)မိုင်<br>(ဂ) ၄၀၀ ဗို့လိုင်း (၁.၅) မိုင် | ၇၃.၅၀၀ |
| ၁၄၆ | ကော့ကရိတ်မြို့၊ ရပ်ကွက်(၆)တွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး<br>(ခ) ၁၁ ကေဗွီလိုင်း (၀.၇၅)မိုင်<br>(ဂ) ၄၀၀ ဗို့လိုင်း (၁.၇၅) မိုင် | ၈၀.၇၅၀ |
| ၁၄၇ | ကော့ကရိတ်မြို့၊ ရပ်ကွက်(၇)တွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး<br>(ခ) ၁၁ ကေဗွီလိုင်း (၀.၅)မိုင်<br>(ဂ) ၄၀၀ ဗို့လိုင်း (၁) မိုင် | ၃၅.၅၀၀ |
| ၁၄၈ | ကော့ကရိတ်မြို့၊ကွက်သစ်တွင် ၄၀၀ ဗို့လိုင်း (၂) မိုင် တည်ဆောက်ခြင်း | ၅၈.၀၀၀ |
| ၁၄၉ | ကော့ကရိတ်မြို့၊ ရပ်ကွက်(၇)တွင် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်း | ၁၅.၀၀၀ |
| ၁၅၀ | ကော့ကရိတ်မြို့၊ လှိုင်ဝကျေးရွာတွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၂) လုံး<br>(ခ ) ၁၁ ကေဗွီလိုင်း (၂.၅) မိုင် | ၈၀.၀၀၀ |
| ၁၅၁ | ကော့ကရိတ်မြို့၊ တစ်မိုင်ကုန်းကျေးရွာတွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး<br>(ခ ) ၁၁ ကေဗွီလိုင်း (၁) မိုင် | ၃၅.၀၀၀ |
| ၁၅၂ | ကော့ကရိတ်မြို့၊ ကျောက်စရစ်ကုန်းကျေးရွာတွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး<br>(ခ ) ၁၁ ကေဗွီလိုင်း (၁) မိုင် | ၃၅.၀၀၀ |
| ၁၅၃ | ကော့ကရိတ်မြို့၊ ရွာသစ်ကုန်းကျေးရွာတွင်<br>(က) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး<br>(ခ ) ၁၁ ကေဗွီလိုင်း (၁) မိုင် | ၂၅.၀၀၀ |
| ၁၅၄ | ဘားအံမြို့နယ်၊ဝါးဘိုးတောရွာမှ-တောင်ကုန်းရွာအထိ<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ(တောင်ကုန်းရွာ)<br>(ခ)၁၁ကေဗွီလိုင်း (၁.၀) မိုင် | ၃၀.၂၀၀ |
| ၁၅၅ | ဘား အံ မြို့ နယ်၊ ဝင်းဒရယ် - နော်ရကုန်း- ပျဉ်းကတိုးကုန်း-သပြုပင်ဆိပ်<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ(နော်ရကုန်းရွာ)<br>(ခ)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ(ပျဉ်းကတိုးကုန်းရွာ)<br>(ဂ)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ(သပြုပင်ဆိပ်ရွာ)<br>(ဃ)၁၁ကေဗွီလိုင်း (၂.၀) မိုင် | ၇၃.၉၀၀ |

**နောက်ဆက်တွဲ (၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** (ကျပ်သန်း)

| စဉ် | | | | အကြောင်းအရာ | လျာထားချက် (BE) |
|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ |
| | | | ၁၅၆ | ဘားအံမြို့နယ်၊ မိန်းမရှာ-ပေါင်စိန်-ကော့ထေး-နောင်ပလိန်<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ(ပေါင်စိန်ရွာ)<br>(ခ)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ(ကော့ထေးရွာ)<br>(ဂ)၁၁/၀.၄ကေဗွီ(၁၆၀)ကေဗွီအေခွဲရုံ(၁x၂)ရုံ(နောင်ပလိန်ရွာ)<br>(ဃ)၁၁ကေဗွီလိုင်း (၇.၅) မိုင် | ၁၉၅.၉၅၀ |
| | | | ၁၅၇ | ဘားအံမြို့နယ်၊ ကော့ကမာ-ကော့ရာ-ကော့သကြား ၁၁ ကေဗွီဓာတ်အားလိုင်း (၃.၆)မိုင်<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ (ကော့ကလိုင်စိန်)<br>(ခ)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ(ကော့ရာရွာ)<br>(ဂ)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ(ကော့သကြားရွာ) | ၁၀၅.၄၂၀ |
| | | | ၁၅၈ | ကြာအင်းဆိပ်ကြီးမြို့ကြာအင်းကြီး မှ သုံးတိုင်သို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၁)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၀.၂၉) မိုင် | ၁၇.၂၁၀ |
| | | | ၁၅၉ | ကြာအင်းဆိပ်ကြီးမြို့သုံးတိုင်ကျေးရွာမှ ရွှေဒိုးကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၁) မိုင် | ၄၂.၇၀၀ |
| | | | ၁၆၀ | ကြာအင်းဆိပ်ကြီးမြို့၊ ရွှေဒိုးကျေးရွာမှ ဒါလီကျေးရွာသို့<br>(က)၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေခွဲရုံ(၂)ရုံ<br>(ခ)၁၁ကေဗွီလိုင်း (၁.၃) မိုင် | ၄၈.၆၁၀ |
| | ၃ | | | **အစားထိုးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ** | **၄၀၀.၀၂၆** |
| | | ၁ | | **စက်နှင့် စက်ပစ္စည်းကိရိယာ တန်ဆာပလာများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း** | **၄၀၀.၀၂၆** |
| | | | ၁၆၁ | သံတောင်ကြီးမြို့အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ၄၀၀ဗို ဓာတ်အားလိုင်း၏ သစ်သားတိုင်(၂၁)တိုင်တို့အား (၉)မီတာ ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်ခြင်း | ၄.၉၈၈ |
| | | | ၁၆၂ | ဘားအံမြို့လမ်းဌအပိုင်းမှ လှာကဒေါင် ထရန်စဖော်မာအထိ ၁၁ကေဗွီ ဓာတ်အားလိုင်းရှိ လေးထောင့်တိုင် (၄၀)တိုင်၊ သစ်သားတိုင်(၃)တိုင်၊ သံတိုင်(၂)တိုင်နှင့် ဆွေးမြေ့သစ်သားတန်း (ကြွေသီးများအပါအဝင်) လဲလှယ်ခြင်းလုပ်ငန်း | ၉.၅၀၀ |
